ပင်းအိုကျေးရွာ

မြိတ်မြို့နယ်၊ မြိတ်ခရိုင်

တနင်္သာရီတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၈ - ၂၀၂၂)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ပင်းအိုကျေးရွာ၊ မြိတ်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြိတ်မြို့နယ်နှင့် ဦးကောင်းမြတ် - LIFT/ Technical Assistant Team တို့ ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃ |
| | **ပင်းအိုကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်** | ၅ |
| | | |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၆ |
| ၂။ | **ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ** | ၆ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၇ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ** | ၇ |
| | (က) သီးနှံ စိုက်ပျိုးရေး | ၇ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၈ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၈ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | ၁၀ |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၀ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၁ |
| ၆။ | **ပညာရေး** | ၁၁ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂ |
| ၈။ | **ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၂ |
| ၉။ | **ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ** | ၁၄ |
| | | |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၇ |
| | နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၈ |
| | နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၅ |
| | နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁) | ၆၂ |
| | နောက်ဆက်တွဲ (၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂) | ၆၄ |
| | နောက်ဆက်တွဲ (၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃) | ၆၆ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ကျွန်ုပ်တို့ကျေးရွာ၏ လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ၂၀၁၈/၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂/၂၀၂၃ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို

ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား၊ ဦးစားပေးစီမံချက် အဆိုပြုလွှာစသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

**ဩဂုတ်လ၊ ၂၀၁၈**

**ကျေးရွာဖွံ့ဖြိုးရေးကော်မတီ**
**ပင်းအိုကျေးရွာ**
**မြိတ်မြို့နယ်**

## ပင်းအိုကျေးရွာ ကျေးရွာ သယံဇာတပြမြေပုံ၊ မြိတ်မြို့နယ်



## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပင်းအိုကျေးရွာသည် ပင်းအိုကျေးရွာအုပ်စု၊ မြိတ်မြို့နယ်တွင် ပါဝင်ပြီး ပင်းအိုကျေးရွာအုပ်စုသည် မြောက်လတ္တီကျူ ၁၂ ဒီဂရီ ၄၁ မိနစ် ၃၁ စက္ကန့်နှင့် ၉၈ ဒီဂရီ ၅၀ မိနစ် ၃၈ စက္ကန့်အကြား၊ အရှေ့လောင်ဂျီကျူ ၁၂ ဒီဂရီ ၄၉ မိနစ် ၄၀ စက္ကန့်နှင့် ၉၈ ဒီဂရီ ၄၅ မိနစ်၊ ၄၉ စက္ကန့်အကြားတွင် တည်ရှိပါသည်။ အရှေ့မှ အနောက်သို့ (၄.၂၆၁) မိုင်နှင့် တောင်မှမြောက်သို့ (၇.၉၅) မိုင် ရှည်လျားပါသည်။ ပင်းအိုကျေးရွာအုပ်စု၏ ဧရိယာ စတုရန်းမိုင် (၃၃.၈၆) ဖြစ်သည်။

ပင်းအိုကျေးရွာ၏ အရှေ့ဘက်တွင် နန်းတော်ရာကျေးရွာအုပ်စု၊ တောင်ဘက်တွင် သဘွတ်ကျေးရွာအုပ်စုတို့နှင့် ထိစပ်လျက် ရှိပါသည်။ အနောက်ဘက်တွင် အလယ်ချောင်းကျေးရွာအုပ်စုနှင့် နယ်နိမိတ်ထိစပ်လျက် ရှိပါသည်။ ပင်းအိုကျေးရွာအုပ်စုသည် တောင်ကုန်းတောင်တန်းများရှိပြီး အနောက်ဘက်တွင် မြစ်ချောင်းများရှိ၍ မြေပြန့်လွင်ပြင် အနည်းငယ်သာရှိပါသည်။ ပင်းအိုကျေးရွာသည် မြစ်ချောင်းများပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ထင်ရှားသည့် မြစ်ချောင်းများမှာ ခါးသွေးမြစ်ရှိပြီး၊ မြစ်ချောင်းအများစုမှာ ရေငန်များ ဖြစ်ပါသည်။ အဆိုပါမြစ်များမှ အခြားကျေးရွာ အုပ်စုများသို့ စက်လှေငယ်များဖြင့် သွားလာနိုင်သော မြစ်များဖြစ်ပါသည်။ ပင်းအိုကျေးရွာသည် ပင်လယ်ရေမျက်နှာပြင်အထက် (၁၃) ပေတွင် တည်ရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပင်းအိုကျေးရွာအုပ်စုသည် ပူအိုက်စိုစွတ်သော ရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန် (၄၀°C) နှင့် အနိမ့်ဆုံးအပူချိန်မှာ (၂၃ °C) ဖြစ်ပါသည်။ ပင်းအိုကျေးရွာအုပ်စု၏ နှစ်အလိုက်ဖြစ်ပေါ်ခဲ့သော မိုးရေချိန်နှင့်အပူချိန်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

| စဉ် | ခုနှစ် | မိုးရေချိန် | | အပူချိန် | |
|---|---|---|---|---|---|
| | | မိုးရွာရက် | စုစုပေါင်းမိုးရေချိန် (လက်မ) | နွေရာသီ (°C) အမြင့်ဆုံး | ဆောင်းရာသီ(°C) အနိမ့်ဆုံး |
| ၁ | ၂၀၁၂ | ၁၈၃ | ၁၆၉.၅၈ | ၃၈.၅ | ၂၁.၀ |
| ၂ | ၂၀၁၃ | ၁၈၂ | ၁၈၅.၃၉ | ၃၅.၅ | ၁၅.၅ |
| ၃ | ၂၀၁၄ | ၁၄၉ | ၁၈၁.၆၆ | ၃၅.၅ | ၁၄.၅ |
| ၄ | ၂၀၁၅ | ၁၅၁ | ၁၇၁.၃၄ | ၃၆.၅ | ၁၈.၅ |
| ၅ | ၂၀၁၆ | ၁၆၂ | ၁၄၆.၂၆ | ၃၅.၀ | ၁၇.၅ |
| ၆ | ၂၀၁၇ | ၉၆ | ၁၀၃.၉၂ | ၃၆.၀ | ၂၀.၅ |

ပင်းအိုကျေးရွာ ပတ်ဝန်းကျင်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များမှာ ဂန့်ဂေါ်၊ ကနစို၊ သက်န်း၊ ဥဘန်၊ ကညင်ပင်များဖြစ်ပါသည်။ ဒီရေရောက်တောတွင် ဖြူး၊ (ပရုန်း) ပင်၊ ကပြိုင်ပင်၊ ပင်လယ်အုန်း စသည့်အပင်များ ပေါက်ရောက်ပါသည်။ တောရိုင်း

တိရိစ္ဆာန်များမှာ တောကြောင်၊ သင်းခွေချပ်၊ ဂျီ၊ တောဝက်၊ တောကြက်၊ မျောက် အမျိုးမျိုး တို့ ဖြစ်ပါသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ပင်းအိုကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၈၄) အိမ်ရှိပြီး လူဦးရေပေါင်း (၁,၅၁၀) ဦး ရှိပါသည်။ ပင်းအိုကျေးရွာသည် ဖွံ့ဖြိုးရေးပိုင်းအနေဖြင့် တိုးတက်မှုရှိနေသော ရွာတစ်ရွာဟု ဆိုနိုင်ပါသည်။ ပင်းအိုကျေးရွာတွင် အုပ်ချုပ်မှုစီမံကွပ်ကဲမှုတို့တွင် အမျိုးသမီးများ ပါဝင်ခြင်း မရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် အဖွဲ့တစ်ဖွဲ့ချင်းသည် စည်းလုံးစွာဖြင့် ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့မှာ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ပူးပေါင်း၍ ကျေးရွာ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းလုပ်ဆောင်ပေးနေပါသည်။ မီးသတ်တပ်ဖွဲ့ဝင် တပ်စိတ်နှစ်စိတ် မှာ ကျေးရွာအုပ်စုအတွင်းရှိ လုံခြုံရေး ကိစ္စများတွင် ပါဝင်ဆောင်ရွက်ပေးနေပါသည်။ ကျောင်း အကျိုးတော်ဆောင် အဖွဲ့မှာလည်း ကျောင်း၏ လိုအပ်ချက်များနှင့် ကလေးများ ပညာသင် ကြားရာတွင် အခက်အခဲမရှိစေရန် အလေးထားဆောင် ရွက်နေပါသည်။ ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးအဖွဲ့၊ ကာလသား၊ ကာလသမီးအဖွဲ့၊ နာရေးကူညီရေးအသင်း စသည်တို့သည် ကျေးရွာ၏ သာရေး၊ နာရေးနှင့် အခြားသော ပရဟိတလုပ်ငန်းများတွင် အတူတကွ စုပေါင်း လုပ်ကိုင်နေကြပါသည်။

ပင်းအိုကျေးရွာတွင် လူထုအခြေပြု အဖွဲ့အစည်းများအနေဖြင့် (Pact Myanmar, Vision Fund, PSI, Unicef, EAC Foundation, World Vision) စသည့် အဖွဲ့အစည်း များသည် ကျေးရွာ၏ကဏ္ဍစုံ ဖွံ့ဖြိုးလာစေရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းထောက်ပံ့ ကူညီပေးနေကြပါသည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

ပင်းအိုကျေးရွာတွင် စိုက်ပျိုးနိုင်သော မြေဧရိယာမှာ လယ်မြေ (၆၄၂.၂၅) ဧက၊ တောင်ယာမြေ (၂၁၄) ဧက၊ ဥယျာဉ်ခြံမြေ (၆၄၅) ဧကနှင့် ဓနိတောမြေ (၅၈) ဧက၊ စုစုပေါင်း (၁၅၅၉.၂၅) ဧက ရှိပါသည်။ ၂.၅ ဧကအောက် ဆင်းရဲ သားတောင်သူ (၄၀) အိမ်ထောင်စု၊ ၂.၅ ဧကမှ ၅ ဧကကြား တောင်သူငယ် (၆၆) အိမ်ထောင်စု၊ ၅ ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၁၀၇) အိမ်ထောင်စု၊ ၁၂.၅ ဧကအထက် တောင်သူကြီး (၁၉) အိမ်ထောင်စု စသည်တို့ ရှိကြပြီး အဓိကအားဖြင့် စပါး၊ ရော်ဘာနှင့် ဥယျာဉ်ခြံသီးနှံများကို အားထား စိုက် ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စုများသည် စုစုပေါင်းအိမ်ထောင်စု၏ (၂၂%) ကျော်ရှိပြီး အများစုသည် နေ့စားကျပန်းနှင့် ပြည်ပတွင် သွားရောက်လုပ်ကိုင်နေကြ ပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေမှာ မိုးရေကိုသာ အဓိကထား စိုက်ပျိုးလုပ်ကိုင်ကြပါသည်။ စပါးအထွက်နှုန်းမှာ တစ်ဧကေ ပျမ်းမျှ (၂၅-၃၀) တင်းသာ ရှိပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် လက်တွန်းထွန်စက် (၃၀) စီးရှိပြီး၊ ခြွေလှေ့စက် (၂) လုံး၊ ရေစုပ်စက် (၉) လုံးနှင့် မြက်ရိတ်စက် (၄၇) လုံး ရှိပါသည်။ ကိုယ်ပိုင် စက်ကိရိယာ မရှိသူများက ငှားရမ်းလုပ်ကိုင်ကြပါသည်။ လယ်လုပ်ချိန်တွင် အချိန်နှင့်တပြေးညီ ပြီးစီးအောင် လုပ်ဆောင်ရသည့်အတွက် အလုပ်မတွင်ခြင်းများ ကြုံတွေ့နေရပါသည်။

ပင်းအိုကျေးရွာတွင် အဓိကစိုက်ပျိုးသောသီးနှံမှာ စပါးဖြစ်ပြီး မြေဆီလွှာမကောင်းခြင်း၊ ငွေကြေးမလုံလောက်ခြင်း၊ ဓာတ်မြေဩဇာ လုံလောက်စွာ မသုံးစွဲနိုင်ခြင်း၊ ကျေးရွာအတွင်း ခေတ်မီလယ်ယာသုံး စက်ကိရိယာများပိုင်ဆိုင်မှု နည်းပါးခြင်း၊ ကျေးရွာတွင် စိုက်ပျိုးရေး နည်းပညာများ လိုက်နာလုပ်ဆောင်မှု အားနည်းခြင်း စသည်တို့ကြောင့် စပါးအထွက်နှုန်း နည်းပါးမှုကို ကြုံတွေ့နေရပါသည်။ ထို့အပြင် ရော်ဘာစိုက်ပျိုး ထုတ်လုပ်နေကြသည့် အိမ်ထောင်စုများမှာ အထွက်နှုန်းအားဖြင့် မနည်းသော်လည်း ရော်ဘာဈေးနှုန်းကျဆင်းနေသောကြောင့် စီးပွားရေး တွက်ချေမကိုက်ပေ။

ကျေးရွာအခြေအနေသည် မိုးများသော ဒေသဖြစ်ပါသည်။ လယ်ယာမြေ အသုံးချ နိုင်မှုနှင့် စိုက်ပျိုးရေအရင်းအမြစ်သည် အသင့်အတင့် အခြေအနေတွင် ရှိပါသည်။ သီးနှံမျိုးစေ့တွင် ဒေသမျိုးများကိုသာ သုံးစွဲနေပါသည်။ မြေဆီလွှာမကောင်းခြင်း၊ စိုက်ပျိုးမြေများတွင် ရေလွှမ်းမိုးခြင်းများ ဖြစ်ပေါ်နေခြင်းကြောင့် သီးနှံအထွက်နှုန်းနည်းပါးမှုများ ကြုံတွေ့နေရသဖြင့် ရေနုတ်မြောင်းများ တူးဖော်ရန် လိုအပ်နေပါသည်။

ပင်းအိုကျေးရွာတွင် သီးနှံထုတ်လုပ်မှုအတွက် ပြဿနာများမှာ လယ်ယာမြေ တိုးချဲ့နိုင်မှု မရှိခြင်း၊ စိုက်ပျိုးရေ အရင်းအမြစ် အလွယ်တကူမရရှိနိုင်ခြင်း၊ ရေမြောင်း ပိတ်ဆို့မှုများ ရှိခြင်းကြောင့် နှုန်းများကျန်ရှိခြင်း၊ လုပ်သား အလွယ်တကူ မရရှိနိုင်ခြင်း စသည်တို့ ရှိနေပါသည်။ မိုးစပါးစိုက်ပျိုးရာတွင် စပါးဖျက်ပိုးနှင့် ခရုဖျက်ပိုးများ အနည်းငယ်ရှိသဖြင့် ဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ လယ်များတွင် အထွက်နှုန်းနည်းပါးပြီး နည်းပညာအသုံးချမှု အားနည်းသောကြောင့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာများ အသုံးချလာစေရန် တိုက်တွန်းပညာပေးခြင်းဖြင့် အထွက်နှုန်းကောင်းမွန်ပြီး အရည်အသွေးပြည့်ဝသော ထုတ်ကုန်များ ရရှိလာနိုင်ပါမည်။

## (ခ) မွေးမြူရေးလုပ်ငန်း

ပင်းအိုကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၁၆) အိမ်ရှိပြီး နွားကောင်ရေ (၁၁၅) ကောင်၊ နို့စားနွား မွေးမြူထားသည့် အိမ်ထောင်စု (၃) စုမှ (၂၅) ကောင်၊ ကျွဲမွေး

မြူထားသည့် အိမ်ထောင်စု (၅) စုမှ (၃၁) ကောင်၊ အိမ်ထောင်စု (၁၃) အိမ်မှ ဝက် (၁၁၉) ကောင်၊ အိမ်ထောင်စု (၁၆) အိမ်မှ ကြက် (၃၇၄၄) ကောင်၊ အိမ်ထောင်စု (၁၁) အိမ်မှ ဘဲ (၃၅၉) ကောင် စသည်ဖြင့် စီးပွားဖြစ်မွေးမြူသည့် အိမ်ထောင်စု (၁၀) စုရှိပါသည်။ တစ်ပိုင်တစ်နိုင်မွေးမြူထားသည့် အိမ်ထောင်စုမှာ (၅၀) ကျော်ရှိပြီး မျိုးကောင်းမျိုးသန့်များ အလွယ်တကူမရရှိနိုင်ခြင်းကြောင့် ဈေးကွက်သို့တင်ပို့ ရောင်းချနိုင်ခြင်းများ အားနည်းပါသည်။

ပင်းအိုကျေးရွာသည် ရန်ကုန်-မြိတ်လမ်းမကြီးပေါ်တွင် တည်ရှိနေသောကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ပြီး မျိုးတိရိစ္ဆာန်၊ မွေးမြူရေးအစာ၊ ဆေးများကို အလွယ်တကူ ရနိုင်သည့်အပြင် တိရစ္ဆာန်များကိုလည်း အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှုအသင့်အတင့်ရှိသဖြင့် တစ်ပိုင်တစ်နိုင် မွေးနိုင်ခြင်း ဖြစ်ပါသည်။ စားကျက်မြေရှားပါးသည့်အတွက် တိရစ္ဆာန်များ ကျက်စားရန် မြေလွတ်မြေလပ်မရှိသည့်အပြင် ထုတ်ကုန်များကိုဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ခြင်းများ ရှိနေပါသည်။ မွေးမြူရေးနှင့်ပတ်သက်သည့်နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ ရှိသော်လည်း ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ်ရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ လိုအပ်နေပါသည်။

## (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ပင်းအိုကျေးရွာတွင် အခြားဝင်ငွေရ လုပ်ငန်းအနေဖြင့် ဆိုင်ကယ်ပြင်၊ ဈေးရောင်း၊ လက်ဖက်ရည်ဆိုင်၊ စက်ချုပ်၊ အစိုးရဝန်ထမ်း၊ လက်သမား၊ ပန်းရံလုပ်ငန်းတို့ကို လုပ်ကိုင်ကြပါသည်။ ကျပန်းလုပ်သားများသည် အများဆုံးအားဖြင့် ဝင်ငွေရရှိရန် စပါးစိုက်၊ စပါးရိတ်၊ ရော်ဘာအစေးခြစ် စသည့်လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အထူးသဖြင့် ဝင်ငွေရရှိရန် ရှမ်းပြည် (ထိုင်းနိုင်ငံ) သို့ သွားရောက်လုပ်ကိုင်လေ့ ရှိပါသည်။ လုပ်အားခများကို အိမ်တွင် ကျန်ခဲ့သော မိသားစုများထံပို့၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ အကယ်၍ငွေပို့မှုနောက်ကျပါက (သို့) မလုံလောက်ပါက ငွေတိုးချေးသူများထံမှချေးယူ၍ စားဝတ်နေရေးကို ဖြေရှင်းကြရသည်။ ဘွဲ့ရအများစုမှာ ဒေသတွင် ပြန်လည်အခြေချသူထက် ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်သူ အရေအတွက်မှာ ပိုမိုများပါသည်။ ပြည်ပသို့ (ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ) သွားရောက်လုပ်ကိုင်ခြင်း မဟုတ်လျှင် ဒေသအတွင်းပင် ဝန်ထမ်းလုပ်သူနှင့် မိသားစုလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ကြပါသည်။

## (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပင်းအိုကျေးရွာတွင် လယ်ယာမြေ လုပ်ကိုင်မှုများရှိသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးငွေများလည်းရှိပါသည်။ အဖွဲ့လိုက် ငွေစုငွေချေး အစီအစဉ်၊ ငွေချေးပေးမှုနှင့် အပေါင်ဆိုင်များမှ ချေးငွေရယူမှုများမှာ အလွန်နည်းပါးလှပါသည်။ အဓိကအားဖြင့် ဆွေးမျိုးများထံမှ ချေးယူကြပြီး ဘက်စုံလိုအပ်မှုအတွက် ချေးယူကြခြင်း ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၁၀%) အတိုးနှုန်းဖြစ်ပြီး အပေါင်ခံပစ္စည်း အနည်းငယ်လိုအပ်ပါသည်။ ပိုင်ဆိုင်မှုမရှိလျှင် ချေးငွေရရှိရန် အခက်အခဲများ ကြုံတွေ့နေရပါသည်။ ကျေးရွာပြည်သူအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး) တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာအတွင်း ချေးငွေလိုအပ်ချက်များပြားနေပါသည်။ ထို့ကြောင့် အစိုးရဘဏ်များမှ အတိုးနှုန်းသက်သာစွာဖြင့် ကာလရှည်ချေးငွေများထုတ်ပေးပါက မိသားစု စားဝတ်နေရေးနှင့် ကိစ္စအဝဝအတွက် မှီခိုအဆင်ပြေနိုင်ပါသည်။

## ၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

## (က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ပင်းအိုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စက်ဘီးမှာ ကျောင်းသား/သူများ သွားလာရေးအတွက် အသုံးပြု၍ မော်တော်ဆိုင်ကယ်မှာ အချို့သော သွားလာရေးကိစ္စနှင့် စီးပွားရေးကိစ္စတွင် အသုံးပြုကြပါသည်။ ဆိုင်ကယ်စီးရေမှာ (၁၇၂) စီး၊ ထော်လာဂျီ (၁) စီးနှင့် ကား (၆) စီးရှိပြီး ရွာ၏သယ်ယူ ပို့ဆောင်ရေးကို ၎င်းတို့ဖြင့် အဓိက လုပ်ဆောင်နေကြပါသည်။ ရန်ကုန်-မြိတ်ကားလမ်းမကြီး နံဘေးဖြစ်သည့်အတွက် သွားလာရာတွင် အခက်အခဲများမရှိသလောက် နည်းပါးပါသည်။ သို့ရာတွင် အချို့အိမ်ထောင်စုများမှာ ကိုယ်ပိုင်ယာဉ်မရှိခြင်းကြောင့် အရေးပေါ်ပြဿနာများ ဖြစ်ပေါ်လာသည့်အခါ အခက်အခဲများ ဖြစ်နေရပါသည်။

ပင်းအိုကျေးရွာတွင် ကျေးရွာတွင်းလမ်းများသည် မြေသားလမ်း၊ ကွန်ကရစ်များ ဖြစ်ကြသည်။ ဘန်ချင်းတောင်မြေသားလမ်းမှာ မိုးရာသီတွင် ဗွက်ထခြင်းကြောင့် သွားလာရခက်ခဲသဖြင့် ကျောက်ကြမ်းလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်း၊ ပင်းအိုအနောက် မြေသားလမ်းဖောက်လုပ်ခြင်း၊ ဘုတောင်ငယ် ရွာပတ်လမ်းနှင့် ရှင်မြတ်တောင်လမ်းအား ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်းနှင့် ပင်းအိုကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း စသည်တို့ လုပ်ဆောင်ရန် လိုအပ်နေပါသည်။ ထို့အပြင် ပင်းအိုကျေးရွာတွင် ကျေးရွာတွင်း တံတားများ မရှိပါ ။ ပင်လယ်ရေကြောင်းနှင့် မြစ်ကြောင်းအသုံးပြုမှု မရှိပါ။

## (ခ) ကျေးရွာ မီးလင်းရေး

ပင်းအိုကျေးရွာတွင် ဆိုလာမီးသုံးစွဲမှုအိမ်ခြေမှာ (၇၀%) ခန့်ရှိ၍ ယခုလက်ရှိတွင် ကျေးရွာအတွင်း လျှပ်စစ်မီးတိုင်နှင့် မီးကြိုးများ ရောက်ရှိထားပြီး လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ်မီးရရှိပါက ကျေးရွာအတွင်း ကျောင်းသားများ၏ ပညာရေးကဏ္ဍ တိုးတက်မြင့်မား လာခြင်း၊ လုံခြုံမှု ပိုမိုတိုးတက်လာခြင်း၊ အသေးစားစီးပွားရေး လုပ်ငန်းများ၊ စက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေခြင်း စသည့်တို့ကို အထောက်အပံ့ ပေးနိုင်ပါလိမ့်မည်။

## (ဂ) သတင်းနှင့် ဆက်သွယ်ရေး

ပင်းအိုကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၄၁၉) လုံး၊ ရေဒီယို (၆၅) လုံး၊ တီဗွီ (၁၀၀) လုံး၊ ဂြိုလ်တုစလောင်း (၇၉) လုံး စသည်တို့မှ ရရှိသည့်အပြင် ကျေးရွာအတွင်းတွင် တာဝါတိုင်ရှိသည့်အတွက် ဖုန်းဖြင့် သတင်းနှင့်အချက် အလက်များကို အချိန်နှင့်တပြေးညီ သိရှိနိုင်ပါသည်။ အင်တာနက်လိုင်းမှာ အသုံးပြုရ နှေးကွေးပါသည်။ သို့သော်လည်း လျှပ်စစ်မီးမရရှိသေးသည့်အတွက် ဖုန်းများကို အချိန်မရွေး အားသွင်းရန် အခက်အခဲရှိနေပါသည်။

## ၆။ ပညာရေး

ပင်းအိုကျေးရွာတွင် မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၄၉.၃၃) ရာခိုင်နှုန်း၊ အလယ်တန်းအဆင့် စာတတ်မြောက်သူများမှာ (၂၄.၆၄) ရာခိုင်နှုန်း၊ အထက် တန်းအဆင့် စာတတ်မြောက်သူများမှာ (၁၅.၂၃) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတတ် မြောက်သူမှာ (၄.၄၄) ရာခိုင်နှုန်းတို့ရှိပြီး လာမည့်အနာဂတ်ကာလတွင် ကျေးရွာ၏ပညာရေး ကဏ္ဍ တိုးတက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်သင့်ပါသည်။ ကျေးရွာ တွင် ယခုလက်ရှိပညာသင်ကြားနေသော လူဦးရေမှာ (၃၄၈) ဦးရှိပြီး အမျိုးသမီးဦးရေ ပိုမို များပြားပါသည်။

ပင်းအိုကျေးရွာတွင် ၂၀၁၇-၁၈ ပညာသင်နှစ်အထိ မူလတန်းအဆင့် ပညာရေးကို သင်ကြားခွင့်ရရှိနိုင်ပြီး (၂၆.၅.၂၀၁၈) ရက်နေ့တွင် မူလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ခြင်းခံရ သဖြင့် လက်ရှိကျောင်းဆောင် တစ်ဆောင်အပြင် ကျေးရွာမှ ကိုယ်ထူကိုယ်ထစနစ်ဖြင့် (၃၆’×၂၄’) ကျောင်းဆောင်တစ်ဆောင်ကို ဆောက်လုပ်ထားရှိပါသည်။ ကျောင်းသား/သူ များမှာ ကျောင်းအိမ်သာ မလုံလောက်ခြင်း၊ သင်ထောက်ကူပစ္စည်းများ မလုံလောက်ခြင်း၊ ကျောင်းဆရာ/ ဆရာမများ မလုံလောက်ခြင်းစသည့် လိုအပ်ချက်များ ရှိနေပါသည်။

ပင်းအိုကျေးရွာတွင် မသန်စွမ်းသူများမရှိသည့်အတွက် အစီအစဉ်များ ကြိုတင်ရေးဆွဲ ထားခြင်း မရှိပါ။ မူလတန်းအဆင့် ကျောင်းထွက်နှုန်း အနည်းငယ် ရှိပါသည်။ ကျောင်းအား

ကစားဆိုင်ရာပစ္စည်းများ လက်လှမ်းမီမှုမရှိသည့်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်တင်ပြရန် လိုအပ်နေပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့မှ ကလေးများပညာသင်ကြားရေးအတွက် ယခုထက် ပိုမိုအားကောင်းစွာ လုပ်ဆောင်ပေးရန် လိုအပ်နေပါသည်။

## ၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ပင်းအိုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (၁) ခု ရှိပါသည်။ ကျေးရွာတွင် ကျန်းမာရေးနှင့်ပတ်သက်၍ ရာသီအလိုက် ကာကွယ်ဆေးထိုးခြင်း၊ အသိပညာပေးခြင်း ဟောပြောပွဲများလည်း ပြုလုပ်လျှက်ရှိပါသည်။ ကျန်းမာရေး ဝန်ထမ်းအိမ်ယာ မရှိသည့်အတွက် အခက်အခဲဖြစ်နေပါသည်။ ထို့ပြင် ကျေးရွာတွင် ရိုးရိုးနေမကောင်းဖြစ်သည့်သူများ၊ သာမန်ဖျားနာသူများကို ဆေးပေးခန်းမှ စားဆေး၊ ထိုးဆေးတို့ဖြင့် သက်သာမှုရရှိပြီး ရောဂါပြင်းထန်သည့်လူနာများသည် မြိတ်ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကုသမှုခံယူရသည်။ ကျေးရွာတွင် ရွာခံသူနာပြုဆရာမ မရှိသည့်အတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု မလုံလောက်သည့်အပြင် ကုတင်လိုအပ်မှုလည်း ရှိပါသည်။

ပင်းအိုကျေးရွာတွင် တစ်ရွာလုံးအနေဖြင့် ရေတွင်း (၈) တွင်း ရှိပါသည်။ အဝီစိတွင်း /စက်တပ်ကိုသာ အဓိကအသုံးပြုသည့် အိမ်ထောင်စုမှာ အများစုဖြစ်ပါသည်။ မိုးရာသီတွင် သောက်သုံးရေ လုံလောက်သော်လည်း နွေရာသီတွင် မလုံလောက်သည့် အခက်အခဲများ ဖြစ်နေပါသည်။ ထို့ကြောင့် ရှင်မြတ်တောင်တွင် အဝီစီတွင်းတစ်တွင်း တူးဖော်လိုကြပြီး၊ ဂါလံ (၅၀၀၀) ဆံ့ စင်မြင့်ရေကန် တစ်ကန် တည်ဆောက်ကာ ရေကန်မှတဆင့် ပိုက်လိုင်းသွယ်တန်းပြီး အိမ်ထောင်စုများအရောက် ရေဖြန်းဖြူးသည့်လုပ်ငန်း လုပ်ကိုင်လိုကြပါသည်။

ပင်းအိုကျေးရွာတွင် မသန့်ရှင်းသောအိမ်သာသုံးစွဲမှုမှာ ရာခိုင်နှုန်း ပိုများသည့်အတွက် ကျေးရွာသူ/သားများအား သန့်ရှင်းသောအိမ်သာ သုံးစွဲမှုတိုးတက်လာစေရန် ဆွေးနွေး ဟောပြောပွဲများ ပြုလုပ်ပေးရန် လိုအပ်နေပါသည်။

## ၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ပင်းအိုကျေးရွာတွင် ယခုလက်ရှိအချိန်အထိ သဘာဝဘေးအန္တရာယ် ကျရောက်မှု မရှိပါ။ အကယ်၍ ဘေးအန္တရာယ်ကျရောက်မည်ဆိုပါက ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများလည်း ထားရှိမှု မရှိပါ။ သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် ထိခိုက်လွယ်မည့်အုပ်စုအနေဖြင့် (၃၀%) ခန့် ရှိနိုင်ပါသည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအနေဖြင့် အမှိုက်စွန့်ပစ်ရာတွင် စည်းစနစ်တကျ မရှိဘဲ စည်းကမ်းမဲ့စွာ စွန့်ပစ်လျက် ရှိပါသည်။

## ၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ပင်းအိုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးနှင့်အမျိုးသားဦးရေမှာ အတူတူပင်ဖြစ်သည်။ ကျား/မဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာသတ်မှတ်ထားကြသည်။ ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးများသည် သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟု ယေဘုယျအားဖြင့် ပြောနိုင်သည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေး အရေအတွက်သည် ယောက်ကျားလေးဦးရေထက် နည်းနေသော်လည်း အလယ်တန်းနှင့် အထက်တန်းများတွင် အရေအတွက်မှာ တန်းတူနီးပါးဖြစ်နေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အရေးမှာ အမျိုးသားများနှင့် အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုရကြပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုမှာ အမျိုးသားများနှင့် တန်းတူပင်ဖြစ်သည်။ ကျားမတန်းတူ ညီမျှမှုနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။

## ၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

| ကျေးရွာအုပ်စုအမည် - ပင်းအို | | | ကျေးရွာအမည် - ပင်းအို | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၁ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အဖွဲ့ဝင်များအား စီမံခန့်ခွဲမှု၊ ခေါင်းဆောင်မှု၊ စာရင်းကိုင်စသည့် သင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း။ | |
| ၂ | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေး | အစည်းအဝေးပြုလုပ်ရန်အတွက် ခန်းမ (သို့) နေရာတစ်ခု ဖန်တီးခြင်း။ | |
| ၃ | စိုက်ပျိုးရေး | နည်းပညာ | မျိုးကောင်းမျိုးသန့်ထုတ်လုပ်နည်း သင်တန်းများ ဆောင်ရွက်ခြင်း။ | |
| ၄ | စိုက်ပျိုးရေး | နည်းပညာ | မြေဆီလွှာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းများ စီစဉ်ခြင်း။ | |
| ၅ | စိုက်ပျိုးရေး | နည်းပညာ | ပိုးမွှား၊ ရောဂါ ကာကွယ်နှိမ်နင်းရေး နည်းပညာသင်တန်း/ဟောပြောပွဲများစီစဉ်ဆောင်ရွက်ခြင်း။ | |
| ၆ | စိုက်ပျိုးရေး | ဈေးကွက် | စိုက်ပျိုးရေးလုပ်ငန်းကို စီးပွားရေးအမြင်ဖြင့် လုပ်ဆောင်နိုင်ရန် စီးပွားရေးအမြင်ဖွင့်သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၇ | စိုက်ပျိုးရေး | ဈေးကွက် | ဈေးကွက်ဆန်းစစ်ခြင်းနှင့် လိုအပ်ချက်အတိုင်း ထုတ်လုပ်ခြင်း။ | |
| ၈ | စိုက်ပျိုးရေး | စက်ကိရိယာ | လယ်ယာသုံး စက်ကိရိယာများကို လုံလောက်စွာသုံးစွဲနိုင်ရန် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မြို့နယ် မွေး/ကုဌာနနှင့် ချိတ်ဆက်၍ စီးပွားဖြစ် မွေးမြူနည်းသင်တန်းများနှင့် ဝန်ဆောင်မှုများ ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၀ | မွေးမြူရေးနှင့်ငါးလုပ်ငန်း_ မွေးမြူရေးဆေးပညာ | တိရိစ္ဆာန် မွေးမြူရေး | မွေးမြူရေးဈေးကွက် ဆန်းစစ်ခြင်းနှင့် ထုတ်ကုန် ဈေးကွက်ကောင်း ရရှိရန် ချိတ်ဆက်ခြင်း။ | |
| ၁၁ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | အသေးစား/အလတ်စား စီးပွားရေးကျွမ်းကျင်မှု သင်တန်းများ စီစဉ်ခြင်း။ | |
| ၁၂ | ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | ထုတ်ကုန်လုပ်ငန်းများ၊ SMLE | စိတ်ပါဝင်စားသော မိသားစုများအတွက် ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ စီစဉ်ခြင်း (ကွန်ပျူတာ၊ ဘာသာစကား၊ စက်ချုပ်၊ မုန့် မျိုးစုံ၊ စက်ပြင်၊ ဆိုင်ကယ်ပြင်၊ ဖုန်းပြုပြင်) | |
| ၁၃ | ထုတ်ကုန်လုပ်ငန်းနှင့်အသေး | ထုတ်ကုန်လုပ်ငန်းများ၊ | ထုတ်ကုန်များအတွက် စုပေါင်းဈေးကွက် ရှာဖွေခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ပင်းအို | | | ကျေးရွာအမည် - ပင်းအို | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| | စား_အလတ်စားစီးပွားရေး လုပ်ငန်းများဆိုင်ရာ | SMLE | | |
| ၁၄ | ငွေကြေး | အသေးစား | အသေးစား/အလတ်စား ဖွံ့ဖြိုးတိုးတက်လာစေရန် ချေးငွေရရှိနိုင်မည့် လိုအပ်ချက်များ ပြင်ဆင်ခြင်း။ | |
| ၁၅ | ငွေကြေး | အသေးစား | အသက်မွေးဝမ်းကျောင်း လုပ်ငန်းပေါ်မူတည်၍ အတိုးနှုန်းနည်းပြီး ကာလရှည် ထုတ်ချေးပေးနိုင်မည့် ချေးငွေနေရာများ နှင့် ချိတ်ဆက်ခြင်း။ | |
| ၁၆ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကလေးပျော်၍ ဘက်စုံတော် စေသည့် ကျောင်းအဖြစ် ဖန်တီးတည်ဆောက်ခြင်း။ | |
| ၁၇ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၁၈ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | အိမ်သာ (၂) ခန်းတွဲ တစ်လုံး တည်ဆောက်ခြင်း။ | |
| ၁၉ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းဆောင်သစ် (၃၀ ' x ၆၀ ' ) တစ်ဆောင် ဆောက် လုပ်ခြင်း။ | |
| ၂၀ | ပညာရေး | ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ | ကျောင်းသုံးပရိဘောဂများ လုံလောက်စွာ ဖြည့်တင်း ခြင်း။ | |
| ၂၁ | ကျန်းမာရေး | ကျန်းမာရေးပညာပေး၊ ကျောင်းကျန်းမာရေး | ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ စီစဉ်ပေးခြင်း။ | |
| ၂၂ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ | ကျန်းမာရေး ဝန်ထမ်းအိမ်ယာ (၂) ခန်းတွဲတစ်လုံး တည်ဆောက်ခြင်း။ | |
| ၂၃ | ကျန်းမာရေး | ကျေးလက် ကျန်းမာရေး ဆေးပေးခန်း၊ | ကျေးလက်ကျန်းမာရေး ဌာနခွဲတွင် ကုတင်နှင့် လိုအပ်သော ပရိဘောဂများ ဖြည့်တင်းခြင်း။ | |
| ၂၄ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဘန်ချင်းတောင်မြေသားလမ်း (၂၉၀၀ ' ) ကို ကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၅ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ဘူတောင်ငယ် ရွာပတ်လမ်း (၇၁၀၀) ပေကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |

| ကျေးရွာအုပ်စုအမည် - ပင်းအို | | | ကျေးရွာအမည် - ပင်းအို | မှတ်ချက် |
|---|---|---|---|---|
| စဉ် | ကဏ္ဍ | စီမံချက် ဆိုလိုရင်း | စီမံချက်နှင့်လုပ်ငန်းစဉ်များ | |
| ၂၆ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ရှင်မြတ်တောင်ရွာပတ်လမ်း (၁၉၅၀) ပေကို ကွန်ကရစ်လမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၇ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ပင်းအိုအနောက်မြေသား လမ်း (၆၇၇') ကို ကျောက်ခင်းလမ်းသို့ အဆင့်မြှင့်တင်ခြင်း။ | |
| ၂၈ | အခြေခံအဆောက်အဦ | ကျေးလက် လမ်းတံတား | ပင်းအိုကျေးရွာ ကုန်ထုတ် လမ်း (၄၇၀၀') အား ဖောက်လုပ်ခြင်း။ | |
| ၂၉ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ဂါလံ (၅၀၀၀) ဆံ့ စင်မြင့်ရေ ကန်တည်ဆောက်ခြင်း။ | ပြီးစီး |
| ၃၀ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရေကန်မှ ရေပိုက်လိုင်း သွယ်တန်းခြင်း (၁၀၀၀၀') | |
| ၃၁ | အခြေခံအဆောက်အဦ | သောက်သုံးရေ | ရှင်မြတ်တောင်တွင် အဝီစိတွင်း တူးဖော်ခြင်း။ | |
| ၃၂ | လျှပ်စစ် | မဟာဓာတ်အားလိုင်း | လျှပ်စစ်မီး ချိတ်ဆက်သွယ်တန်းရန် သက်ဆိုင်ရာဦးစီးဌာန/ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ချိတ်ဆက်ခြင်း။ | |
| ၃၃ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | လက်ရှိလူငယ်အဖွဲ့အား စွမ်းဆောင်ရည်မြင့်တင်ရေး သင်တန်းများ ပြုလုပ်ခြင်း။ | |
| ၃၄ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | ကျေးရွာပိုင် စာကြည့်တိုက်/ ဗဟုသုတ လေ့လာရန် နေရာတစ်ခု ဖန်တီးခြင်း။ | |
| ၃၅ | လူငယ်နှင့်အားကစား | အားကစား | အား/ကာဦးစီးဌာနနှင့် ချိတ်ဆက်၍ လူငယ်များအတွက် အားကစားပစ္စည်းများ ဖြည့်တင်းခြင်း။ | |
| ၃၆ | လူငယ်နှင့်အားကစား | အားကစား | အားကစားကွင်းတွင် ရေမြောင်းတူးဖော်ခြင်း။ | |
| ၃၇ | လူငယ်နှင့်အားကစား | အမျိုးသမီး | အမျိုးသမီးများအား တရား ဥပဒေဆိုင်ရာ အသိပညာ ပေး ဟောပြောပွဲများ စီစဉ် ခြင်း။ | |
| ၃၈ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | နာရေးကူညီမှုရုံး တည်ဆောက်ခြင်း။ | |
| ၃၉ | လူငယ်နှင့်အားကစား | လူငယ့်အခွင့်အလမ်း | မူးယစ်ဆေးဝါးသုံးစွဲမှု လျော့ချရေး အသိပညာပေး ဟောပြောပွဲ ပြုလုပ်ခြင်း။ | |
| ၄၀ | သယံဇာတနှင့်သဘာဝ ဝန်းကျင် | သဘာဝဘေး လျော့ချရေး | သဘာဝဘေးအန္တရာယ် လျော့ချရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများအား ချိတ်ဆက်ခြင်း။ | |
| ၄၁ | အခြေခံအဆောက်အဦ | အညစ်အကြေး | အမှိုက်စွန့်ပစ်ရေး စနစ်ကျစေရန် အသိပညာပေး လုပ်ဆောင်ခြင်း။ | |
| ၄၂ | | | | |
| ၄၃ | | | | |
| ၄၄ | | | | |
| ၄၅ | | | | |

နောက်ဆက်တွဲ (၁)

## ပင်းအိုကျေးရွာ၊ ပင်းအို ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းလွင် | ဦးကျင်ဆွေ | ၆/မအရ (နိုင်) ၀၆၇၈၂၈ | ၅၉ | ဥက္ကဋ္ဌ | ၀၉၂၅၄၀၉၈၆၈၇ |
| ၂ | ဦးတင်ထွန်းအောင် | ဦးလှသောင်း | ၈/အလန (နိုင်) ၁၀၉၂၄၅ | ၃၆ | အတွင်းရေးမှူး | ၀၉၂၅၄၁၇၁၄၀၃ |
| ၃ | ဦးစစ်ရှိန် | ဦးမောင်ခန့် | ၆/မအရ (နိုင်) ၀၆၇၅၉၉ | ၄၇ | ဘဏ္ဍာရေးမှူး | ၀၉၄၂၆၂၁၄၆၂၀ |
| ၄ | ဒေါ်ယုယုသီ | ဦးသောင်းညွန့် | ၆/မမန (နိုင်) ၁၈၆၅၄၆ | ၂၃ | စာရင်းကိုင် | ၀၉၄၂၃၉၇၉၉၅၈ |
| ၅ | ဒေါ်ခင်ချိုသာ | ဦးထွန်းမြိုင် | ၆/မအရ (နိုင်) ၀၈၃၆၇၄ | ၄၁ | စာရင်းစစ် | ၀၉၇၈၁၈၈၉၉၁၆ |
| ၆ | ဦးကိုဦး | ဦးမျိုးမြင့် | ၆/မမန (နိုင်) ၁၁၅၄၆၇ | ၃၃ | အဖွဲ့ဝင် | ၀၉၂၅၄၇၀၄၉၃၂ |
| ၇ | ဒေါ်မူမူဝင်း | ဦးချစ်မောင် | ၆/မအရ (နိုင်) ၁၀၉၃၅၀ | ၃၉ | အဖွဲ့ဝင် | ၀၉၂၆၂၀၆၀၀၂၂ |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |
| ၁၁ | | | | | | |
| ၁၂ | | | | | | |
| ၁၃ | | | | | | |
| ၁၄ | | | | | | |
| ၁၅ | | | | | | |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာလူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၆ | ၅ | ၁၁ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅နှစ်အောက်ကလေးငယ် | ၃၉ | ၂၈ | ၆၇ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၁ | ၅၂ | ၉၃ |
| ၁၀ နှစ်မှ ၁၄ နှစ်အထိ | အလယ်တန်းကျောင်းသားအရွယ် | ၁၀၅ | ၁၀၀ | ၂၀၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၄၆၃ | ၄၇၃ | ၉၃၆ |
| ၆၅ နှစ်အထက် | သက်ကြီးရွယ်ကြီး | ၁၀၂ | ၉၆ | ၁၉၈ |
| **စုစုပေါင်း** | | **၇၅၆** | **၇၅၄** | **၁၅၁၀** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၈၄** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

**လေ့လာတွေ့ရှိချက်။** ။ပင်းအိုကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၈၄) အိမ်ရှိပြီး လူဦးရေပေါင်း (၁,၅၁၀) ဦး ရှိပါသည်။ ကျေးရွာတွင် အလုပ်မလုပ်နိုင်သည့် တစ်နှစ်အောက် နို့စို့အရွယ် (၀.၇၃%)၊ ၅ နှစ်အောက်ကလေးအရွယ် (၄.၄၄%)၊ မူလတန်းကျောင်းသားအရွယ် (၁၈.၂၄%)၊ အလယ်တန်းကျောင်းသားအရွယ် (၁၃.၅၈%)၊ အလုပ်လုပ်နိုင်သည့်အရွယ် (၆၁.၉၉%)၊ သက်ကြီးရွယ်ကြီးအရွယ် (၁၃.၁၁%) ရှိပါသည်။ ပျမ်းမျှအနေဖြင့် အလုပ်မလုပ်နိုင်သည့် လူဦးရေသည် တစ်ရွာလုံးရှိ လူဦးရေ၏ (၃၈.၁၁%) နှင့် အလုပ်လုပ်နိုင်သည့်အရွယ် ကျား (၄၆၃) ဦး၊ မ (၄၇၃) ဦး စုစုပေါင်း (၉၃၆) ဦး ရှိပြီး တစ်ရွာလုံးလူဦးရေ၏ (၆၁.၉၉%) ရှိပါသည်။ ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅.၃၁) ဦးနှုန်း ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျမ်းမျှတစ်အိမ်ထောင်လျှင် (၅) ဦးနှုန်းထက် ပိုမိုနေပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်ကောင်းများအဖြစ် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာ စွာဖတ်ပြီး မှန်ရာ တစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာ စွာဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၄၀ | ၁၉၄ | ၆၃ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား /ဝန်ထမ်း | ၃၂ | ၅၃ | ၃၀ | မြင့်☐လတ်☐နိမ့်☑ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆ | ၈ | ၇ | မြင့်☐လတ်☑နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၂ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၂ | မြင့်☐လတ်☐နိမ့်☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၃ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့်☐လတ်☐နိမ့်☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃ | ၃ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| ၁၁ | **လက်လီ-လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၁ | ၁၂ | ၇ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၀ | ၀ | မြင့်☐လတ်☑နိမ့်☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာ စွာဖတ်ပြီး မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅ | ၁ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၅ | မြင့်☐လတ်☐နိမ့်☑ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၁ | မြင့်☐လတ်☐နိမ့်☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | ၂ | မြင့်☐လတ်☑နိမ့်☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇၅ | ၁၁၄ | ၂၂ | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၀ | ၀ | ၀ | မြင့်☐လတ်☐နိမ့်☑ |
| | အလုပ်သမား / ဝန်ထမ်း | ၄ | ၄ | ၄ | မြင့်☐လတ်☐နိမ့်☑ |
| | **စုစုပေါင်း** | ၂၈၄ | ၄၀၁ | ၇၁ | ☒ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူများ"**အရေအတွက်တွင် **"မိသားစုဝင်လုပ်အား"** ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ

များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**“စိုက်ပျိုးရေး”** ကဏ္ဍ၏ **“ကိုယ်ပိုင်လုပ်ငန်း”**တွင်ရပ်တည်နိုင်မှု**“မြင့်”** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ပင်းအိုကျေးရွာတွင် စိုက်ပျိုးမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စုမှာ စုစုပေါင်းအိမ်ထောင်စု၏ (၈၁) ရာခိုင်နှုန်းကျော် ရှိသော်လည်း စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူဦးရေမှာ စုစုပေါင်း အိမ်ထောင်စု၏ (၅၁) ရာခိုင်နှုန်းခန့်သာ ရှိပြီး အခြားတွဲဖက်လုပ်ငန်းများဖြင့် အသက်မွေးလုပ်ကိုင် ကြပါသည်။ ရော်ဘာခြံလုပ်ငန်းသည် မိုးရာသီတွင် အနားပေးသောကြောင့် ရော်ဘာခြံလုပ်သားများသည် မိုးရာသီတွင် ကျပန်းလုပ်ငန်းများနှင့် လယ်လုပ်ငန်းခွင်တို့တွင် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည့် အိမ်ထောင်စုများရှိပြီး အများစုမှာ တစ်ပိုင်တစ်နိုင် အိမ်စားရုံမျှသာ မွေးမြူလုပ်ကိုင်ကြပါသည်။ ငါးဖမ်းလုပ်ငန်းတွင် လုပ်သားအဖြစ် သွားရောက်လုပ်ကိုင်နေသူ အနည်းငယ် ရှိပါသည်။ အသေးစားထုတ်ကုန်လုပ်ငန်း၊ လက်သမား၊ ပန်းရံလုပ်ငန်း၊ အပ်ချုပ်ဆိုင်၊ ဆံပင်ညှပ်ဆိုင်၊ လက်လီလက်ကားဆိုင်များ၊ လက်ဘက်ရည်ဆိုင်များ၊ ကား၊ ဆိုင်ကယ်၊ ထော်လာဂျီမောင်းသည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ ပညာရေးဝန်ထမ်းများ၊ ကျပန်းလုပ်ငန်း လုပ်ကိုင်သူများ စသည်ဖြင့် အသက်မွေးမှု လုပ်ငန်းများ လုပ်ကိုင်နေကြပါသည်။ အခြားအသက်မွေးမှုနည်းပညာများ တတ်မြောက်သည့် ဦးရေနည်းပါးသဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးသောကြောင့် တခြားပြင်ပနိုင်ငံများတွင် သွားရောက်လုပ်ကိုင်သည့် လူဦးရေများရခြင်း ဖြစ်သည်။

### (ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | သင်တန်းပေးသူ စသည်) | | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

**မှတ်ချက်** (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

**လေ့လာတွေ့ရှိချက်။** ။ ပင်းအိုကျေးရွာတွင် နေ့စားလုပ်ကိုင်နေသူ အများစုမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်နှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် လုပ်ကိုင်ကြပါသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် အမျိုးသားတစ်ဦး (၆၀၀၀) ကျပ်၊ အမျိုးသမီး (၄၀၀၀) ကျပ် ရရှိပါသည်။ အများဆုံးလုပ်ငန်းအဖြစ် ပန်းရံလုပ်ကိုင်သူများတွင် အမျိုးသား (၇၀၀၀) ကျပ်၊ အမျိုးသမီး (၄၀၀၀) ကျပ် ရရှိပါသည်။ လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။ ပြင်ပတွင် သွားရောက်လုပ်ကိုင်သူများ၏ လုပ်ငန်းများကို မသိရှိသောကြောင့် လုပ်အားခ ပမာဏကို မသိရှိပါ။

## (ဂ) သဘာဝရင်းမြစ်များ

### (ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး(မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၆၄၂.၂၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၂၁၄ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| ဥယျာဉ်ခြံမြေ | ၆၄၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | ၅၈ | ကောင်း ☐ သင့်☐ ညံ့ ☑ |
| စားကျက်မြေ | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | - | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၁၅၅၉.၂၅** | ☒ |

ရင်းမြစ် …(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**မှတ်ချက်။** ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့်နိုင်ငံတော်က သီးသန့်လျာထား သတ်မှတ်သည့် မြေများကို ဆိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ပင်းအိုကျေးရွာတွင် စိုက်ပျိုးမြေအများစုမှာ လယ်မြေ၊ တောင်ယာမြေနှင့် ဥယျာဉ်ခြံမြေနှင့် ဓနိတောမြေများ ဖြစ်ကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်

ကောင်းသည်ဟု ဆိုနိုင်ပါသည်။ လယ်မြေများ ရေလွှမ်းမိုးမှု ရှိသည့်အတွက် ရေနုတ်မြောင်းဖော်ပေးရန် လိုအပ်နေပါသည်။ စိုက်ပျိုးမြေတိုးချဲ့ရန် အခွင့်အလမ်းမရှိပါ။

## (ဂ-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။) | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ☑ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | လွယ်☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ☐ သင့်☐ နည်း☑ မရှိ☐ | လွယ်☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ☐ သင့်☐ နည်း☐ မရှိ☑ | ☒ |

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ပင်းအိုကျေးရွာတွင် သဘာဝအရင်းအမြစ်များ မထွက်ရှိပါ။ သို့သော်လည်း ကျေးရွာအနီးတဝိုက်တွင် အချို့သော သဘာဝဆေးဖက်ဝင်အပင်များ တွေ့ရှိရပါသည်။

## (ဃ) ဉစ္စာဓနအဆင့်အခြေအနေ

ဇယား (၆) ဉစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| **အိမ်ထောင်စု** | **၁၉** | **၁၀၇** | **၈၀** | **၇၈** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။ပင်းအိုကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုသည် ရာခိုင်နှုန်းနည်းပြီး ရော်ဘာခြံလုပ်ငန်းနှင့် ဈေးဆိုင်လုပ်ငန်းများကို အဓိက လုပ်ကိုင်ကြသည်။ အလယ်အလတ်ရှိသော အိမ်ထောင်စုများသည် ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းနှင့် အခြားအသက်မွေးမှုလုပ်ငန်းများတွင် လုပ်ကိုင်ကြပါသည်။ ထိုအိမ်ထောင်စုများ

သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေး (သို့) ပစ္စည်းစသည်ဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ပါလိမ့်မည်။ မပြေလည်သော အိမ်ထောင်စုများသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် ဈေးဆိုင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် ရော်ဘာအစေးခြစ်၊ ကောက်စိုက်၊ ပျိုးနုတ်စသည့် ရာသီအလိုက်ကြုံရာကျပန်းလုပ်ငန်းများဖြင့် အသက်မွေးလုပ်ငန်း လုပ်ကိုင်ကြသည်။

## (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |
| ၆လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား= ______<br>အစာလျှော့စား = ______<br>အထောက်အပံ့ယူ = ______<br>ချေးယူ = ______<br>လုပ်အားခကြိုယူ = ______ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။** ။.......................................................................

...............................................................................................

...............................................................................................

...............................................................................................

...............................................................................................

### (င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | - | - | - |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | အိမ်ထောင်စု အရေအတွက် | | |

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | အသင့်အတင့်ရှိသည်။ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | အသင့်အတင့်ရှိသည်။ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပင်းအိုကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသည့်ပုဂ္ဂိုလ်များ မရှိသဖြင့် ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ နည်းပါးပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင်နှင့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စုများ အသင့်အတင့် ရှိပါသည်။

## (င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☑ နိမ့်☐ မရှိ ☐ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၃ | တီဘီရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | မြင့် ☐ လတ် ☐ နိမ့်☑ မရှိ ☐ |
| ၁၇ | လူကုန်ကူးခြင်း | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည် | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ပင်းအိုကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ သင့်တင့်သော အနေအထားတွင်ရှိ၍ သဘာဝအရင်းအမြစ်ထွက်ရှိမှု ရှားပါးသည့် ကျေးရွာဖြစ်ပါသည်။ စိုက်ပျိုးမြေ တိုးချဲ့နိုင်ခြင်း မရှိပါ။ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ မုန်တိုင်းကျရောက်ခြင်း၊ ငလျင်လှုပ်ခြင်း၊

မြေပြိုခြင်း၊ သစ်တောပြုန်းတီးခြင်းများ မရှိပါ။ ဆားငန်ရေဝင်ရောက်မှု အနည်းငယ် ရှိပါသည်။ ငှက်ဖျားရောဂါ၊ တီဘီရောဂါနှင့် ကိုယ်ခံအားကျဆင်းမှုရောဂါများ ဖြစ်ပွားခြင်းမရှိပါ။ တိရိစ္ဆာန် ကူးစက်ရောဂါကျရောက်မှု အနည်းငယ်ရှိသော်လည်း မွေး/ကုဦးစီးဌာနမှ ဆရာဝန်များနှင့် ချိတ်ဆက်၍ အချိန်မီကုသ ဆောင်ရွက်ကြပါသည်။ လူကုန်ကူးခြင်းနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများ မရှိပါ။

## (င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | လူငယ် | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၂ | အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၃ | မြေယာမဲ့၊ ဆင်းရဲသားတောင်သူ | မြင့် ☑လတ် ☐နိမ့်☐မရှိ ☐ |
| ၄ | သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၅ | မြစ်ကမ်းဘေး နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၆ | မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☑မရှိ ☐ |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP) | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၈ | မြေနိမ့်ပိုင်း နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၉ | ငါးကန်ပိုင်ရှင်များ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | မြင့် ☐လတ် ☑နိမ့်☐မရှိ ☐ |
| ၁၁ | လူနည်းစုလူမျိုးများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ | မြင့် ☐လတ် ☐နိမ့်☐မရှိ ☑ |
